## ဓမ္မခန္ဓာ (၈၅) ကြယ်တာရာစု (အလ်–ဘိုရူဂျ်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၂၇)၊ သုတ်ဒေသနာ (၂၂)ပါး၊

ဦးဒွေးလွင်ဦး ပြန်ဆိုသည်။

**بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–၁း၁

| | |
|---|---|
| ၁။ | **وَالسَّمَاء ذَاتِ الْبُرُوجِ** ۞<br>ကြယ်တာရာစုများနှင့် မိုးကောင်းကင်အားဖြင့်– |
| ၂။ | **وَالْيَوْمِ الْمَوْعُودِ** ۞<br>ကတိထားသော နေ့ကာလအားဖြင့်– |
| ၃။ | **وَشَاهِدٍ وَمَشْهُودٍ** ۞<br>သက်သေတည်သော သက်သေတည်သူများအားဖြင့်– |
| ၄။ | **قُتِلَ أَصْحَابُ الْأُخْدُودِ** ۞<br>ကတုတ်ကျင်း အဖေါ်တို့သည် တော်လှန်ချေမှုန်းခံရလတ္တံ့။ |
| ၅။ | **النَّارِ ذَاتِ الْوَقُودِ** ۞<br>မီးကို လောင်စာ ထည့်၍– |
| ၆။ | **إِذْ هُمْ عَلَيْهَا قُعُودٌ** ۞<br>သူတို့သည် ထို၌ အထိုင်ချနေကြ၏။ |
| ၇။ | **وَهُمْ عَلَى مَا يَفْعَلُونَ بِالْمُؤْمِنِينَ شُهُودٌ** ۞<br>သူတို့က ယုံကြည်သူတို့အား မည်သို့ ကျင့်ကြံခဲ့သည်ကို သူတို့ကိုယ်တိုင် သက်သေများ၏။ |
| ၈။ | **وَمَا نَقَمُوا مِنْهُمْ إِلَّا أَن يُؤْمِنُوا بِاللَّهِ الْعَزِيزِ الْحَمِيدِ** ۞<br>သူတို့က ၎င်းတို့အား နှိပ်စက်ခဲ့ခြင်းမှာ ၎င်းတို့သည် ဘုန်းတော်ရှင်၊ ရည်သန်စူးစိုက်မှုတည်ရာ အရှင် ဖြစ်သော ပရမတ်ဘုရားရှင်အား ယုံကြည်ခြင်းကြောင့်သာ ဖြစ်၏။ |
| ၉။ | **الَّذِي لَهُ مُلْكُ السَّمَاوَاتِ وَالْأَرْضِ وَاللَّهُ عَلَى كُلِّ شَيْءٍ شَهِيدٌ** ۞<br>အရှင်– ထိုအရှင်သည် မိုးများနှင့် မြေကမ္ဘာ၏ သြဇာအာဏာတည်ရာ အရှင်ဖြစ်၏။ ပရမတ်ဘုရားရှင်သည်ကား သဗ္ဗလုံးစုံ အတွက် သက်သေသက်ကန်ပင် ဖြစ်၏။ |
| ၁၀။ | **إِنَّ الَّذِينَ فَتَنُوا الْمُؤْمِنِينَ وَالْمُؤْمِنَاتِ ثُمَّ لَمْ يَتُوبُوا فَلَهُمْ عَذَابُ جَهَنَّمَ وَلَهُمْ عَذَابُ الْحَرِيقِ** ۞<br>ကေန်ပင် ယုံကြည်သူ၊ ယုံကြည်သူမတို့အား ညှင်းပန်းခဲ့၍၊ သူတို့ကိုယ် သူတို့ ခဝါမချသူတို့အတွက် ငရဲဘုံ ဝဋ်ကြွေးသည် ရှိနေ၏။ သူတို့အတွက် လောင်ကျွမ်းရခြင်း ဝဋ်ကြွေးသည် ရှိနေ၏။ |

| | |
|---|---|
| ၁၁။ | إِنَّ الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ لَهُمْ جَنَّاتٌ تَجْرِي مِن تَحْتِهَا الْأَنْهَارُ ذَٰلِكَ الْفَوْزُ الْكَبِيرُ۞<br>ကေန်ပင် ယုံကြည်၍ ပြုပြင်ပြောင်းလဲခြင်း ကျင့်ကြံသော သူတို့အတွက် အောက်ခင်း၌ စိမ့်စမ်းရေသွင် စီးဆင်းနေသော ဥယျာဉ်ဘုံသည် ရှိနေ၏။ ဤသည် ကြီးမားသော ဆွတ်ခူးမှုပင် ဖြစ်၏။ |
| ၁၂။ | إِنَّ بَطْشَ رَبِّكَ لَشَدِيدٌ۞<br>ကေန်ပင် ကံကြမ္မာရှင်၏ ကိုင်တွယ်မှုသည် ပြတ်သားလှ၏။ |
| ၁၃။ | إِنَّهُ هُوَ يُبْدِئُ وَيُعِيدُ۞<br>ကေန်ပင် အရှင်သည် စတည်ဖြစ်စေသော–ထပ်ပြန်ဖြစ်စေသော အရှင် ဖြစ်၏။ |
| ၁၄။ | وَهُوَ الْغَفُورُ الْوَدُودُ۞<br>အရှင်သည် လွတ်ငြိမ်းစေသော၊ ချစ်ခင်သနားသော အရှင် ဖြစ်၏။ |
| ၁၅။ | ذُو الْعَرْشِ الْمَجِيدُ۞<br>မြင့်မြတ်သော ထပ်ဆင့်ကွပ်ကဲမှုအား ပိုင်စိုးရှင် ဖြစ်၏။ |
| ၁၆။ | فَعَّالٌ لِّمَا يُرِيدُ۞<br>အလိုတော်ရှိရာအား ပြုလုပ်သော အရှင် ဖြစ်၏။ |
| ၁၇။ | هَلْ أَتَاكَ حَدِيثُ الْجُنُودِ۞<br>တပ်မဟာကြီး၏ သမိုင်းကြောင်း သင့်ထံသို့ မရောက်လာသလော။ |
| ၁၈။ | فِرْعَوْنَ وَثَمُودَ۞<br>ဖာရိုးနှင့် သမု–ဒ်တို့ပင်၊ |
| ၁၉။ | بَلِ الَّذِينَ كَفَرُوا فِي تَكْذِيبٍ۞<br>အမှန်မှာ ဖုံးကွယ်သောသူတို့သည် ငြင်းဆန်ကြကုန်၏။ |
| ၂၀။ | وَاللَّهُ مِن وَرَائِهِم مُّحِيطٌ۞<br>ပရမတ်ဘုရားရှင်သည် သူတို့အား ဘက်ပေါင်းစုံမှ ဝိုင်းဝန်းထားတော်မူ၏။ |
| ၂၁။ | بَلْ هُوَ قُرْآنٌ مَّجِيدٌ۞<br>အမှန်မှာ– ဤသည် ကုရ်အာန် ကျမ်းမြတ် ဖြစ်၍– |
| ၂၂။ | فِي لَوْحٍ مَّحْفُوظٍ۞<br>မဖျောက်ဖျက်နိုင်သော ထိန်းသိမ်းစောင့်ရှောက်ခြင်း၌ ရှိ၏။[၁၁၄၆] |

**(၁၁၄၆)** ဤသုတ်တော်မှ **လောင်ဝ်** ဆိုသည်မှာ အလွန်ခိုင်ခန့်သော၊ စုတ်ပြဲဆွေးမြေ့ မသွားနိုင်သော ကျောက်ပြား၊ ကွန်ကရစ်ပြားများကို ခေါ်ဆိုပေသည်။ ဤနေရာ၌ ကျမ်းတော်၏ ခိုင်ခန့်တည်ရှိမှုကို ပြောဆိုထားခြင်း ဖြစ်ပေသည်။ ကျမ်းတော်သည် ကိုယ်တော် မုဟမ္မဒ် လက်ထက်တော်ကပင် ဤသို့ အတိအကျ အာမခံထားသော ကျမ်းဖြစ်၍– ကိုယ်တော်လက်ထက်ကပင် ခိုင်မာစွာ မှတ်တမ်းတင်၊ စုစည်းထားကြောင်းကို အာမခံလျှက်ရှိပေသည်။ ထိုသို့ လောက၌ အတုလံ အတုမရှိသော ကျမ်းဟူ၍– ကုရ်အာန်မှအပ အခြားမရှိချေ။